**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရပ်တည်ဆောင်ရွက်လျက်ရှိခြင်းနှင့်ပတ်သက်သည့်သတင်းထုတ်ပြန်ချက်**
**(ကော်မရှင်သတင်းထုတ်ပြန်ချက် ၂/၂၀၁၂)**

၂၀၁၂ခုနှစ်၊ မတ်လ (၁၆)ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းသည် အခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းမရှိကြောင်း သဘောထားမှတ်ချက် တင်ပြလာသည့်အတွက် ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဗဟိုအဖွဲ့အစည်းတွင် ထည့်ထားခြင်းနှင့် ရသုံးမှန်းခြေ ငွေစာရင်းတွင် အသုံးစရိတ် ထည့်ထားခြင်းတို့ကို ပယ်ဖျက် ကြောင်းဆုံးဖြတ်ခဲ့ပါသည်။

အဆိုပါသတင်းသည် ပြည်တွင်းပြည်ပသို့ ပျံ့နှံ့သွားပြီး ပြည်သူလူထုအတွင်း လူ့အခွင့်အရေးကော်မရှင်ကို ဖျက်သိမ်းလိုက်သည်ဟုယူဆကာ ဝေဖန်ချက်များ အမျိုးမျိုးထွက်ပေါ်လာပြီး မေးမြန်းစုံစမ်းမှုများ ပြုကြပါသည်။ ပြည်တွင်းပြည်ပမှ စိုးရိမ်မှုများလည်း ရှိပါသည်။

လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်နိုင်ရန်၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသားများ၏ လူ့အခွင့်အရေးများ တိုးတက် ဖော်ဆောင်နိုင်ရန်နှင့် ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရာတွင် အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါ ပြည့်ဝစေရန်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို လေ့လာရမည်ဆိုပါလျှင် ပြဋ္ဌာန်းချက် များအရ နိုင်ငံသား တို့သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် “တန်းတူညီမျှအခွင့်အရေး”၊ “လွတ်လပ်မှုအခွင့်အရေး”၊ “တရားမျှတမှုအခွင့်အရေး”တို့ကို ခံစားခွင့်ရှိသည်ဟုလည်းကောင်း၊ နိုင်ငံသားများ၏ “လွတ်လပ်ခွင့်”၊ “လုပ်ပိုင်ခွင့်”၊ “ခံစားခွင့်”၊ “တာဝန်နှင့်တားမြစ်ချက်များ” ကို ထိရောက် ခိုင်မာပြည့်စုံစေရန် လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် ပြည်ထောင်စုလွှတ်တော်၏ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း သက်ရောက်ပြန့်နှံ့ကြောင်း ပြဋ္ဌာန်းချက် တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံ

အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်မဆန့်ကျင်စေဘဲ ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် နိုင်ငံတော်သမ္မတ၌ တည်ရှိသည်ဟု အုပ်ချုပ်မှုအာဏာပေးအပ်ထားသည်ကိုလည်း လေ့လာသိရှိရပါသည်။ အထက်ပါ ပေးအပ်ထားသော တာဝန်များကို နိုင်ငံတော်သမ္မတသည် လွှဲအပ်သော အုပ်ချုပ်မှုအာဏာများ ကျင့်သုံးအကောင်အထည်ဖော်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်ဟု ကော်မရှင်အနေဖြင့် ခံယူပါသည်။ အခြေအနေအချိန်အခါနှင့်အညီ ကော်မရှင်ဖွဲ့စည်းပေးခဲ့ခြင်းသည် အလွန်သင့်မြတ်လျော်ကန်၍ နိုင်ငံသားများနှင့် နိုင်ငံတော်အတွက် အကျိုးရလဒ်များ ရရှိစေခဲ့ပါသည်။ ကော်မရှင်သည် နိုင်ငံတော်သမ္မတသို့ လွှဲအပ်ထားသော အုပ်ချုပ်မှုအာဏာအရ ဖွဲ့စည်းထားသောအဖွဲ့ ဖြစ်ပါသည်။ ဗဟိုအဖွဲ့အစည်းတွင် အကျုံးမဝင်၍ ဘတ်ဂျက် ရသုံးမှန်းခြေငွေစာရင်း အသုံးစရိတ်တွင် ထည့်ထားခြင်းမှ ပယ်ဖျက်ခြင်းသည် ကော်မရှင်ဖွဲ့စည်းခြင်း နှင့် လုပ်ငန်းဆောင်ရွက် အကောင်အထည်ဖော်ခြင်း တို့ကို ပျက်ပြယ်စေခြင်း မရှိနိုင်ပေ။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ရေရှည်ဆောင်ရွက်သွားရမည့်အဖွဲ့တစ်ဖွဲ့ ဖြစ်ပါသည်။ ကော်မရှင်ကို Paris Principles နှင့်အညီဖွဲ့စည်းရာတွင် အစိုးရ၏ထိန်းချုပ်မှုမှ လွတ်လပ်ပြီး သီးခြားရပ်တည်သည့် အဖွဲ့အနေဖြင့် ဖွဲ့စည်းနိုင်ရန်အတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်သည်ဟုလည်း ကော်မရှင်အနေဖြင့် ခံယူပါသည်။ Paris Principles အရ အမျိုးသားလူ့အခွင့် အရေးကော်မရှင်များအား သက်ဆိုင်ရာအစိုးရက လုံလောက်သော ဘဏ္ဍာငွေများ ထောက်ပံ့ကြရ ပါသည်။ သို့ပါ၍ အစိုးရ၏ အထောက်အပံ့ နှင့် အခြားသော အထောက်အပံ့များကို စနစ်တကျ လက်ခံသုံးစွဲသော အဖွဲ့အစည်းအဖြစ် ကော်မရှင်အနေဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အာဆီယံနိုင်ငံများမှ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံ တို့အပါအဝင် ကမ္ဘာ့နိုင်ငံ အများအပြားတို့တွင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ ဖွဲ့စည်းပြီး လူ့အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေး ဆောင်ရွက်ပေးလျက်ရှိကြပါသည်။ ၎င်းတို့အနက် နိုင်ငံအများအပြား တွင်လည်း ကော်မရှင်များ ကနဦးဖွဲ့စည်းစ ကာလနှစ်များတွင် သမ္မတသို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ယူဖွဲ့စည်းပေးခဲ့သည်ကို တွေ့ရှိရပါသည်။ ယင်းနောက်မှ လူ့အခွင့်အရေးကော်မရှင်ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီ ဆက်လက်ရပ်တည်ဆောင်ရွက်ကြသည်ကိုလေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံသည် အာဆီယံတွင် (၅)နိုင်ငံမြောက် အမျိုးသား

လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းနိုင်သော နိုင်ငံဖြစ်သဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုလည်း မြင့်မားစေခဲ့ကြောင်း နိုင်ငံတကာ ပြောကြားချက်များအရ သိရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ခိုင်မာစွာ ရေရှည်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ ၏ လမ်းညွှန်ချက်အရ လူ့အခွင့်အရေး ကော်မရှင် ဥပဒေကြမ်းအား စတင်ရေးဆွဲနေပြီ ဖြစ်ပါသည်။ ကော်မရှင်သည် ဥပဒေကြမ်းအား နိုင်ငံတော်သမ္မတထံ တင်ပြပြီး သဘောတူညီချက်ရရှိပါက သမ္မတရုံးမှတဆင့် လွှတ်တော်သို့ တင်ပြ အတည်ပြုချက် ရယူသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ပေးအပ်ထားသော တာဝန်များ အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော နိုင်ငံသားတို့၏ မူလအခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်ရေးကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ် ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။ ၂၀၁၂ ခုနှစ်၊ မတ်လ (၂၇) ရက်